ရှိလျက် တစ်ယောက်နှင့်တစ်ယောက် ချစ် ချစ် ခင်ခင် နေထိုင်ကြရန် ဖေါ်ညွှန်းသည်။ တကွဲ တပြား မဖြစ်ကြရန် နှင့် ကောက်ညှင်းကဲ့သို့ စေးကပ် ကြရန် ဖြစ်သည်။

## နတ်ပန်းဖြူ နတ်ပန်းညို

ပန်းပင်များအနက် နတ်ပန်းဖြူ နတ်ပန်းညို အပင်တို့မှာ တစ်ခုတစ်စည်းတည်း ပေါက်လေ့ရှိကြသည်။ နေပူမိုးရွာမရှောင် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သောအပင် တစ်မျိုးဖြစ်သည်။ မျိုးဆက်မတုံးနိုင်ပဲ အချိန်တန်ပြန် ပေါက်လေ့ရှိသည်။ ရာသီ မရွေး အဖြူ ရောင်အနီရောင် ဖြင့် အဆုပ် လိုက်ပွင့်သော အပင်တစ်မျိုးလည်းဖြစ်သည်။ လက်ရစ်ချည် လိပ်ပြာခေါ် ဆုတောင်းပွဲသည် နတ်ပန်းဖြူ နတ်ပန်းညိုမှ အပွင့် အနီနှင့်အဖြူ ခုနစ်ဆုပ်စီပါရ၏။ အနီရောင်သည် အမျိုးသမီးကို ကိုယ်စားပြုပြီး အဖြူ ရောင်မှာ အမျိုးသားကို ကိုယ်စားပြုသည်။ အရည်အသွေး ရှိသော ပန်းတစ်မျိုးဖြစ်သည်။



## ရေစင်

လက်ရစ်ချည် လိပ်ပြာခေါ်ရာတွင် ရေစင်တစ်ခွက်ပါဝင်ရသည်။ ဖြူစင်သန့်ရှင်းခြင်း၊ အေးမြခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ လိပ်ပြာခေါ်လက်ရစ်ချည်ပြီး သည့်အခါ ရေစင်ကို အနည်းငယ် စီသောက်ရသည်။ ရေစင်တစ်ခွက် တည်းကို အနည်းငယ်စီသောက်ရခြင်း အဓိပ္ပါယ်မှာ စုစည်းညီညွတ်ခြင်းကိုဖေါ်ဆောင်ပါသည်။ အချို့ကျေးရွာဒေသများ တွင်



အုန်းသီးကိုခွဲ၍ ရေစင်အစား အုန်းရေကို အသုံး ပြုသည်။

လက်ရစ်ချည် လိပ်ပြာခေါ်ရိုးရာဓလေ့ လုပ်ဆောင် ကြရာတွင် ဒေသအလိုက် အနည်းငယ် ကွာခြားမှုများ ရှိမည်ဖြစ် သော်လည်း ရည်ရွယ်ချက် မှာ အတူတူပင်ဖြစ်ကြောင်း တွေ့ရသည်။

လက်ရစ်ချည်လိပ်ပြာခေါ် ဆုတောင်းခြင်းရိုးရာ ဓလေ့ကို ခြုံငုံ၍ ဖေါ်ပြရ လျှင် ယေဘုယျအားဖြင့် (၉) မျိုးသတ်မှတ် ဖေါ်ပြသွားပါမည်။

၁။ ဖျားနာသည့်အခါ လက်ရစ်ချည် လိပ်ပြာ ခေါ်ခြင်း။
၂။ ခန္ဓာကိုယ်နှင့် လိပ်ပြာခွဲသော လက်ရစ် ချည်ခြင်း။
၃။ "ပေါ" ဟုခေါ်သော "ဘိုးဘိုးကြီး" ရိုးရာ နတ်ကို ပူဇော်ပြီးနောက် လက်ရစ်ချည် လိပ်ပြာ ခေါ်ခြင်း။
၄။ ကိုယ်ဝန်ဆောင်ဘဝ လက်ရစ်ချည် လိပ်ပြာ ခေါ်ခြင်း။
၅။ မွေးကင်းစကလေးဘဝ လက်ရစ်ချည် လိပ်ပြာ ခေါ်ခြင်း။
၆။ ကင်းကွာနေထိုင်ကြရသူများ လက်ရစ်ချည် လိပ်ပြာ ခေါ်ခြင်း။
၇။ လန့်ဖျပ်ခြင်းကြောင့် လက်ရစ်ချည် လိပ်ပြာခေါ်ခြင်း။
၈။ ထိမ်းမြားမင်္ဂလာ လက်ရစ်ချည်လိပ်ပြာခေါ်ခြင်း။
၉။ ဝါခေါင်လ လက်ရစ်ချည် လိပ်ပြာခေါ်ခြင်း။

(ကိုးကား - မန်းလင်းမြတ်ကျော်)



# ကရင်လူမျိုးတို့၏ လက်ချည် (လိပ်ပြာခေါ်ခြင်း) ရိုးရာဓလေ့

ခရံ်နံၣ် ၂၀၁၉ လါအီကူး ၁၅ သီ
ကညီနံၣ် ၂၇၅၈ နံၣ် လါခူးလါပှဲၤ



လူမျိုးအသီးသီး၌ မိမိတို့ချစ်မြတ်နိုးသော ရိုးရာဓလေ့များရှိကြ၏။ ကရင်လူမျိုးမှာလည်း ဘိုးစဉ်ဘောင် ဆက်လုပ်ဆောင်လာသော ရိုးရာဓလေ့ များကို ယနေ့ တိုင် ဆက်လက်ထိန်းသိမ်း လုပ်ဆောင် နေကြကြောင်း တွေ့ရှိရသည်။ ကရင်လူမျိုးတို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ကာလသုံးပါးအပေါ် အခြေခံ၍ ရိုးရာယုံကြည်မှုရှိသည့်အတိုင်း မဖြစ်မနေ လုပ်ဆောင်သွားကြရမည်သာဖြစ်၏။

ရိုးရာယုံကြည်မှုအပေါ် အခြေခံ၍ လုပ်ဆောင်ရသော ရိုးရာဓလေ့များအနက်မှ လက်ရစ်ချည်ဝိညာဉ် လိပ်ပြာခေါ် ဆုတောင်းခြင်းဓလေ့သည် အဓိက ထားလုပ်ဆောင်ရသော ကိစ္စတစ်ရပ်အဖြစ် ပါဝင်ပါသည်။ လူတိုင်းသည် ခုနစ်ရက်သား၊ ခုနစ်ရက်သမီးများဖြစ်ကြ၍ ဝိညာဉ်လိပ်ပြာ ခုနစ်ပါး ကိုယ်စီ ရှိကြောင်း ယုံကြည်သည်။ ဝိညာဉ်လိပ်ပြာ သည်

မိမိခန္ဓာကိုယ်တွင် စွဲကပ်နေရန်လိုသည်။ ကင်းကွာသွားပါက မိမိခန္ဓာကိုယ်တွင် မကောင်းဆိုးဝါးများ ဝင်ရောက်ခို ကပ်ပြီး မိမိအား ဒုက္ခအမျိုးမျိုး ပေးနိုင်မည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် လူတိုင်းသည် မိမိခန္ဓာကိုယ်မှ ဝိညာဉ်လိပ်ပြာ လွင့်ပါးမသွားအောင် အထူးသတိပြုကြရသည်။

ယင်းဓလေ့ ကိုပင် "ချည်ဖြူဖွဲ့မင်္ဂလာ" ဟူ၍ မြန်မာဘာသာ ဖြင့်လက်ရှိပြန်ဆိုထားကြောင်းလည်း တွေ့ရသည်။ များသောအားဖြင့် နှစ်စဉ် ဝါခေါင်လတွင် ကျင်းပ ပြုလုပ် ကြသဖြင့် ပိုးကရင်ဘာသာ စကားဖြင့် "ဆအောင်းလါခေါက်" သို့မဟုတ် "လာခေါက် ခိုင်းစူး" သို့မဟုတ် "ဆကိုထိုင် အဝိအလါ" ဟူ၍ လည်းကောင်း၊ စကောကရင် ဘာသာ စကားဖြင့် "တာအော်လါးခူ့" သို့မဟုတ် "လါးခူ့ ကီစူး" သို့မဟုတ် "တာကွဲဝီးကွဲကလာ" ဟူ၍ လည်းကောင်း တွေ့ရှိရသည်။

လက်ရစ်ချည် လိပ်ပြာခေါ်ရာတွင် အဓိက အသုံးပြုသောပစ္စည်းများ

ရှေးအချိန်က ခြေသုံးချောင်းပါသော သစ်သားဗျပ်ကို အသုံးပြုသည်။ ဗန်းကိုလည်း အသုံးပြုကြသည်။ နောက်ပိုင်းတွင် စကော သို့မဟုတ် ကြွေရည်သုတ် လင်ဗန်းကို အသုံးပြု ကြောင်းတွေ့ ရသည်။ လိပ်ပြာခေါ်သော အခါ ပါဝင်သော ပစ္စည်း တစ်မျိုးစီ၏ အရည်အသွေးကိုလည်း အဓိပ္ပါယ် ရှိရှိ အသုံးပြုကြ ကြောင်း တွေ့ရသည်။



## ယောက်မ



မိသားစုတစ်ခုတွင်စားရေးသောက်ရေးအတွက် ယောက်မသည်သာ အားလုံးအတွက် မရှိမဖြစ် အိမ်တိုင်းတွင် တွေ့ရသည်။ လိပ်ပြာလွင့် ပါးသူကို နေအိမ်သို့ လှေခါးမှ ပြန်တက်လာရန် နေအိမ် ရှေ့ လှေခါးဘောင်ကို အသာအယာ ယောက်မဖြင့် ခေါက်ခြင်းဖြစ်သည်။ ဝိညာဉ် လိပ်ပြာ သည် နေအိမ်သို့ ပြန်လာနေထိုင် စားသောက် ပါရန် ယောက်မ ကို အသုံးပြု ရခြင်းဖြစ်သည်။

## ကြံ



ကြံသည်ချိုမြိန်သော အရသာကို ပေးနိုင်စွမ်းရှိသည်။ ကြံကိုမည်သို့ပင် ကျေမွအောင် ကြိတ်စေကာမူ ချိုမြိန်သော အရည်ကို ပေးမြဲပေးနေသကဲ့သို့ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ပြီး မေတ္တာတရား ပွားများစေရန် ရည်ရွယ်အသုံးပြုခြင်း ဖြစ်သည်။ ကြံပင်မှာလည်း အဆစ်တိုင်းမှာ အပင်ပေါက် နိုင်သည့်အပြင် စိုက်သည့်မြေကွက် တွင် မျိုးပြန်မချရဘဲ အချိန်တန်ပြန်ပေါက်လေ့ရှိသဖြင့် မျိုးဆက်ပွား ရာတွင် အရည်အသွေးရှိသော အပင်တစ်မျိုး ဖြစ်ပါသည်။



## ငှက်ပျောသီး



ငှက်ပျောပင် တစ်ပင်စိုက်လျှင် မကြာမီအပင်များလာပြီး စုစုစည်းစည်း ပေါက်လျက်ရှိ၏။ အသီးသီးရာတွင်လည်း အခိုင်လိုက်သီးပြီး အဖီးတိုင်းမှာ အသီးများ တစ်စုတစ်စည်း တည်းရှိ နေ၏။ ထို့ကြောင့် ငှက်ပျောသီးသည် ချိုသော အရသာကို ပေးစွမ်းနိုင်သည့်အပြင် အသီးမှာ တစ်စုတစ်စည်း တည်းရှိသဖြင့် စုစည်းမှု ရှိခြင်းကို ပေါ်လွင် စေရန် ဖြစ်သည်။

## ထမင်းဆုပ်



လက်ရစ်ချည်လိပ်ပြာခေါ်ဆုတောင်းပွဲပြုလုပ်သည့်အခါဗန်းထဲတွင်ထင်းဆုပ်ခုနစ်ဆုပ်ပါရှိရသည်။ ထမင်းသည် လူ့အတွက်အသက်ရှင်နေထိုင်ရန် စားသောက်ရသော မရှိမဖြစ် အရာတစ်ခုဖြစ်သည်။ ထမင်း ကိုဆုပ်ပြီး ခုနစ်ဆုပ်ထည့်ထားခြင်းသည် (၇) ရက်သား (၇) ရက်သမီးအတွက် ဥမကွဲ သိုက်မပျက် ထမင်းဆုပ်ကဲ့သို့ရှိနေကြရန် ဖေါ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။

## ကောက်ညှင်းထုပ်



ကောက်ညှင်းထုပ်သည် စေးကပ်သောအာနိသင်ရှိသည်။ ဆွေမျိုးသားချင်း တစ်စုတစ်စည်းတည်း

KNU-DOI မှ ဖြန့်ချိထုတ်ဝေသည်။ Augest 2019